
Translator-တာယော(Myth Horizon)
စာဖတ်ရင်းနဲ့ အဆင့်တက်မယ်
အခန်း-၁၄

## အခန်း (၁၃၁)
## ဝိညာဉ်သစ်သီးနှင့် ရွှေကိုယ်ထည်ဆေးရည်

*

ဝမ်ဟွာ အဆောက်အအုံ...

အထူးဧည့်ခန်းဆောင်မှ ထွက်လာပြီးနောက် ဟန်ဟုန်မေက ကျန်းနင်အား ဒုတိယထပ်ရှိ ကောင်းကင်နှင့် မြေကြီး ရတနာများ ပြသထားရာ အခန်းကန့်ဆီသို့ ခေါ်ဆောင်သွား၏။

"သခင်လေးကျန်း... ဘယ်လို အာနိသင်မျိုး ရှိတဲ့ ကောင်းကင်နဲ့ မြေကြီး ရတနာတွေကို ဝယ်ယူချင်ပါသလဲ"

ဒုတိယထပ်ရှိ အခန်းကန့်များကြား လျှောက်လှမ်းလာရင်း ဟန်ဟုန်မေက မေးမြန်းလိုက်သည်။

"ချီနဲ့ သွေးကို အားဖြည့်ပေးပြီး ကြွက်သားနဲ့ အရိုးတွေရဲ့ ခွန်အားကို တိုးတက်စေနိုင်တဲ့ အရာဆိုရင် ရပါပြီ... အဓိကက စုပ်ယူရ လွယ်ကူပြီး သိုင်းပညာ အဆင့်ကိုး ကျင့်ကြံသူတစ်ယောက်ရဲ့ ခွန်အားကို သိသိသာသာ မြှင့်တင်ပေးနိုင်ဖို့ပဲ" ကျန်းနင်က ပြန်ဖြေလေ၏။

ဟန်ဟုန်မေမှာ ကျန်းနင်၏ လိုအပ်ချက်များကို နားထောင်ရင်း ခေါင်းအနည်းငယ် ညိတ်ပြကာ "ဒါဆိုရင် ကျွန်မ နားလည်ပါပြီ"

ထို့နောက် သူမက ထပ်မံ ပြောဆိုလာ၏။

"သခင်လေးကျန်းရဲ့ လိုအပ်ချက်တွေအရ ကြည့်ရသလောက် သခင်လေး

ကျန်းက သိုင်းပညာ အဆင့်ကိုးကို လှမ်းတက်သွားပြီ ထင်တယ်"

"မှန်ပါတယ်" ကျန်းနင်က ခေါင်းညိတ် အတည်ပြုလိုက်သည်။

"သခင်လေးကျန်းက တကယ့်ကို ထူးချွန်တဲ့ ပါရမီရှင်ပဲ... လအနည်းငယ် အတွင်းမှာတင် ဒီအဆင့်ကို ရောက်လာခဲ့တာ မဟုတ်ပါလား" ဟန်ဟုန်မေက မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်သွားရပေသည်။

"တာဝန်ခံဟန်က မြှောက်ထိုးပင့်ကော် အရမ်းလုပ်နေပါပြီ" ကျန်းနင်က တုံ့ပြန်လိုက်၏။

ထိုစကားကိုကြားလျှင် ဟန်ဟုန်မေက ပြုံးလိုက်ပြီး "သခင်လေးကျန်း အနေနဲ့ သိုင်းပညာ အဆင့်ရှစ်ရဲ့ နတ်ဘုရား ခွန်အားနယ်ပယ် အကြောင်းကို ရင်းနှီးကျွမ်းဝင်မှု ရှိပါသလားလို့ မေးပါရစေ"

"သိပ်တော့ မရင်းနှီးပါဘူး... အပေါ်ယံလောက်ပဲ နားလည်ထားတာပါ"

ထိုအခါ ကျန်းနင်က ခေါင်းအနည်းငယ် ခါယမ်းကာ ပြန်ဖြေ၏။

"ဒါဆိုရင် သိုင်းပညာ အဆင့်ရှစ်အကြောင်း သခင်လေးကျန်းကို ပြောပြခွင့်ပြုပါ"

"အခုလို အလင်းပြပေးမယ့် တာဝန်ခံဟန်ကို ကျေးဇူးတင်ပါတယ်" ကျန်းနင်က ရုတ်တရက် ခြေလှမ်း ရပ်တန့်သွားပြီး လက်နှစ်ဖက် ယှက်ကာ အရိုအသေ ပေးလိုက်သည်။

ဟန်ဟုန်မေက အနည်းငယ် ပြုံးရင်း "လမ်းလျှောက်ရင်း ပြောကြတာပေါ့... သိုင်းပညာ အဆင့်ရှစ် အကြောင်း ပြောပြတာက ခဏနေ သခင်လေးကျန်းကို ကျွန်မ အကြံပြုမယ့် အရာနဲ့လည်း သက်ဆိုင်နေလို့ပါ"

ထိုအချိန်တွင် ကျန်းနင်၏ မျက်နှာထားက လေးနက်သွားပြီး သေချာနားထောင်ရန် အသင့်ပြင်လိုက်တော့သည်။

ထိုသည်ကို မြင်လျှင် ဟန်ဟုန်မေက ဖြည်းညှင်းစွာ စတင် ရှင်းပြလေသည်။

"သိုင်းပညာ အဆင့်ရှစ်ကို နတ်ဘုရား ခွန်အား နယ်ပယ်လို့လည်း ခေါ်ဆိုကြတယ်"

"ဒီအဆင့်က ခန္ဓာကိုယ် တစ်ခုလုံးမှာရှိတဲ့ ကြီးမား သေးငယ်တဲ့ ကြွက်သားတွေကို အဓိက သန့်စင်ပေးရတာပါ"

"ဒီဖြစ်စဉ်မှာ ခွန်အား ပါဝင်ဖို့ လိုအပ်ပြီး ချီနဲ့ သွေးကို အထောက်အပံ့အနေနဲ့ သုံးရပါတယ်"

"သတ်မှတ်ချက်ကို ကျော်လွန်သွားတာနဲ့ ကြွက်သားတွေ အသွင်ပြောင်းသွားပြီး ပိုမို ကြီးမားတဲ့ ခွန်အားတွေကို ထုတ်ဖော်လာနိုင်လိမ့်မယ်"

"ကြွက်သားတွေ တစ်ဖက်သတ် အသွင်ပြောင်းလဲမှုက ခန္ဓာကိုယ် တစ်ခုလုံးအပေါ် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်စေပြီးတော့... အကယ်၍ အရေပြားရဲ့ ခိုင်ခံ့မှုက မလုံလောက်ဘဲ သန့်စင်ထားခြင်းလည်း မရှိဘူး ဆိုရင် ကြွက်သားတွေရဲ့ ပြောင်းလဲမှုကြောင့် အရေပြား စုတ်ပြဲသွားနိုင်ပြီး သေဆုံးတဲ့အထိ ဖြစ်သွားနိုင်တယ်"

"ဒီအကြောင်းပြချက်ကြောင့်ပဲ အရေပြားကို အရင် သန့်စင်ဖို့ လိုအပ်တာပါ... ပြီးမှ ခွန်အား၊ အဲဒီနောက် ကြွက်သားနဲ့ အရိုး ဆိုပြီး ပြင်ပ အဆင့်လေးဆင့် အစီအစဉ်ကို စနစ်တကျ သတ်မှတ်ထားတာ ဖြစ်တယ်"

"သို့သော် ဒါက ပြင်ပ အဆင့်လေးဆင့် အစီအစဉ်ကို တိတိကျကျ လိုက်နာရမယ်လို့ ဆိုလိုတာ မဟုတ်ပါဘူး"

"ရှေးခေတ်ကာလတုန်းက သိုင်းသခင် ဘိုးဘေးက ဒီလို ခွဲခြားခဲ့တဲ့အတွက် လောကမှာရှိတဲ့ လူတိုင်းက ဒီခန္ဓာကိုယ် သန့်စင်ခြင်း နည်းလမ်း

ကို သဘာဝကျကျ လိုက်နာခဲ့ကြတာပါ"

"ပြီးတော့ ဒီသန့်စင်ခြင်း နည်းလမ်းက အမှန်ကန်ဆုံးနဲ့ မတော်တဆမှုတွေ မဖြစ်စေနိုင်တဲ့ အတည်ငြိမ်ဆုံး အစီအစဉ် ဖြစ်နေလို့ပဲ"

ထိုနေရာ အရောက်တွင် ဟန်ဟုန်မေ ရုတ်တရက် စကားရပ်သွားသည်ကို မြင်သဖြင့် ကျန်းနင်က စတင် မေးမြန်းလိုက်၏။

"တာဝန်ခံဟန်... ဒီနေ့ ဒီအကြောင်းကို ဘာလို့ ကျွန်တော့်ကို ပြောပြနေရတာလဲ"

ဟန်ဟုန်မေက "သခင်လေးကျန်း ပြောတဲ့ စကားတွေအရ အခု သိုင်းပညာ အဆင့်ကိုးကို ရောက်နေပြီ ဆိုတော့ သခင်လေးကျန်းအတွက် အခု အဓိက အချက်က အရေပြား သန့်စင်ခြင်းကို အရှိန်မြှင့်တင်ပေးနိုင်ပြီး ခွန်အား တိုးစေမယ့် ကောင်းကင်နဲ့ မြေကြီး ရတနာတွေကို ရှာဖွေဖို့ပါပဲ"

"ကျွန်မသိထားသလောက်ဆိုရင် မနက်ဖြန် ဂွမ်နင်း ခရိုင်ကနေ လော့ရွှေမြို့နယ်ဆီကို အရေးပါတဲ့ ပုဂ္ဂိုလ်တစ်ဦး ရောက်လာလိမ့်မယ်... ထိုပုဂ္ဂိုလ်က အနာဂတ် စစ်ဆေးရေးမှူး အိမ်တော်သခင်လည်း ဖြစ်တယ်"

"သခင်လေးကျန်း အနေနဲ့ သိုင်းပညာ အဆင့်ကိုး ခွန်အားကို ပိုင်ဆိုင်ထားပြီး သွားစရာ ပိုကောင်းတဲ့ နေရာလည်း မရှိဘူး ဆိုရင်တော့ ပြည်နယ်ကိုးခုကို ကင်းလှည့်မယ့် အသစ် ဖွဲ့စည်းထားတဲ့ အင်ပါယာ အဖွဲ့အစည်း... စစ်ဆေးရေးရုံးကို ဝင်ရောက်ဖို့ ရွေးချယ်သင့်တယ်"

ဟန်ဟုန်မေ ထိုသို့ ပြောလိုက်ပြီး ခြေလှမ်းများကို ရပ်တန့်ကာ သူမ၏ အဓိပ္ပာယ် ပြည့်နှက်နေသော မျက်လုံးများဖြင့် ကျန်းနင်ကို စိုက်ကြည့်လာ၏။

ထိုသည်မှာ ဟုတ်သည် မဟုတ်လော ဟု မေးငေါ့နေသကဲ့သို့ပင်။

ဟန်ဟုန်မေ၏ အကြည့်ကို ရင်ဆိုင်ရင်း ကျန်းနင်က အနည်းငယ် ခေါင်းညိတ်လိုက်သည်။

"တာဝန်ခံဟန် ပြောတာ မှန်ပါတယ်... ကျွန်တော့်မှာ စစ်ဆေးရေးရုံးကို ဝင်ရောက်ဖို့ ရည်ရွယ်ချက် အမှန်တကယ် ရှိနေပါတယ်"

ထိုစကားကို ကြားလျှင် ဟန်ဟုန်မေ ဖျော့တော့စွာ ပြုံးလိုက်ပြီး "ဒါဆိုရင် အချိန်တိုအတွင်း ခွန်အား တစ်ဟုန်ထိုး တက်လာဖို့က သခင်လေးကျန်း အတွက် အထူးအရေးကြီးနေပြီပဲ"

"ဘာပဲဖြစ်ဖြစ် စစ်ဆေးရေးရုံးက အင်ပါယာ နန်းတော်ကနေ အသစ် ဖွဲ့စည်းထားတဲ့ ဥပဒေ စိုးမိုးရေး အေဂျင်စီ တစ်ခုဖြစ်ပြီး အာဏာပိုင်စွမ်း အလွန် မြင့်မားတယ်လေ... သခင်လေးကျန်း အနေနဲ့ အဲဒီကို ဝင်ရောက် မယ် ဆိုရင် အနာဂတ်မှာ ရန်းကန်မှုတွေ၊ တိုက်ခိုက်မှုတွေနဲ့ မလွဲမသွေ ရင်ဆိုင်ရမှာမို့ ခွန်အားရဲ့ အရေးပါမှုကတော့ ပြောစရာတောင် မလိုတော့ပါ ဘူး"

"ထို့အပြင် ထိုကဲ့သို့သော အင်ပါယာ အဖွဲ့အစည်းမျိုးမှာ ခွန်အားက လူ တစ်ယောက်ရဲ့ အဆင့်အတန်းကို ဆုံးဖြတ်ပေးမယ့် အဓိက အကြောင်းရင်း တစ်ခု ဖြစ်လာမှာ အသေအချာပါပဲ"

ဟန်ဟုန်မေ၏ စကားများကို ကြားပြီးနောက် ကျန်းနင် အပြည့်အဝ နားလည်သွားတော့သည်။

ဟန်ဟုန်မေ စကား၏ သွယ်ဝိုက်သော အဓိပ္ပာယ်မှာ ရှင်းလင်းလှ၏။ ၎င်း မှာ မကြာမီ သူမ ပြုလုပ်မည့် အကြံပြုချက်နှင့် ပတ်သက်နေနိုင်ပေသည်။

ချက်ချင်းပင် ကျန်းနင်က "တာဝန်ခံဟန်... အားမနာဘဲ အကြံပြုပါ"

နောက်တစ်ခဏတွင် ဟန်ဟုန်မေ ခေါင်းညိတ်လိုက်ပြီး လှည့်ကာ သူမ

ဘေးရှိ ဗီရို အခန်းကန့်မှ သေတ္တာ တစ်လုံးကို ယူလိုက်၏။

"သခင်လေးကျွန်း ကြည့်ပါဦး... ဒီအထဲမှာ နွားသိုးမိစ္ဆာ ခွန်အား သစ်သီး သုံးလုံး ရှိတယ်... ဒီသစ်သီးက ကြွက်သား ခွန်အားကို သိသိသာသာ မြှင့်တင်ပေးနိုင်တဲ့ ဝိညာဉ်သစ်သီး တစ်မျိုး ဖြစ်ပြီး နတ်ဘုရား ခွန်အား နယ်ပယ်အတွက် ကြီးမားတဲ့ အထောက်အကူ ဖြစ်စေတယ်... သစ်သီး တစ်လုံးက ခွန်အား ပေါင်တစ်ရာ တိုးစေနိုင်ပြီး သုံးလုံးဆိုရင်တော့ ခွန်အား ပေါင်သုံးရာ တိုးစေနိုင်ပါတယ်"

"ပုံမှန်အားဖြင့် ဆိုရင်တော့ သိုင်းပညာ အဆင့်ရှစ် နတ်ဘုရား ခွန်အား နယ်ပယ်ကို ရောက်နေသူတွေမှသာ ဒီလို ဝိညာဉ်သစ်သီးမျိုးကို သုံးဆောင်ခွင့် ရှိတာပါ"

"ခွန်အား သန့်စင်ခြင်း တိုးတက်မှု အပေါ် မူတည်ပြီး အာနိသင်တွေက လည်း ကွဲပြားသွားလိမ့်မယ်"

"အကယ်၍ ခန္ဓာကိုယ် တစ်ခုလုံးက ကြွက်သားတွေကို သန့်စင်တဲ့ ဖြစ်စဉ်ကို မစတင်ရသေးဘူး ဆိုရင်တော့ သစ်သီး တစ်လုံးက ခွန်အား ပေါင်တစ်ရာ တိုးစေပြီး သုံးလုံးက ပေါင်သုံးရာ တိုးစေနိုင်တယ် ဆိုတဲ့ သီအိုရီ အတိုင်း တိတိကျကျ အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်"

"သခင်လေးကျွန်းက အခု သိုင်းပညာ အဆင့်ကိုးမှာ ရှိနေပြီး ခွန်အားတွေကို သန့်စင်ထားသလို အရေပြားကလည်း နွားသိုးသားရေလို မာကျောနေပြီမို့ သစ်သီး တစ်လုံး စားသုံးဖို့က ပြဿနာ မရှိပါဘူး... သခင်လေးကျွန်း အရေပြားရဲ့ ခိုင်ခံ့မှုက နွားသိုးမိစ္ဆာ ခွန်အား သစ်သီး တစ်လုံးရဲ့ ကြွက်သား သန့်စင်ခြင်း အာနိသင်ကို ခံနိုင်ရည်ရှိပြီး တစ်ဆက်တည်းမှာပဲ နှစ်လုံး လောက်အထိတောင် ခံနိုင်ရည် ရှိကောင်း ရှိနိုင်ပါတယ်"

"ဒါကြောင့် သခင်လေးကျွန်းရဲ့ ခွန်အားက ပေါင်နှစ်ရာအထိ ချက်ချင်း

တိုးလာပါလိမ့်မယ်... သခင်လေးကျန်းရဲ့ ခွန်အားတွေ သေချာပေါက် သိသိသာသာ တိုးတက်လာမှာ ဖြစ်ပြီး ဒါက စစ်ဆေးရေးရုံးကို ဝင်ရောက်ဖို့အတွက် ကြီးမားတဲ့ အထောက်အကူတစ်ခု ဖြစ်လာမှာပါ"

ထိုအခိုက်အတန့်တွင် ဟန်ဟုန်မေ၏ ရှင်းပြချက်ကို ကြားပြီးနောက် ကျန်းနင် မျက်လုံးများ ရုတ်တရက် အရောင်လဲ့သွားတော့သည်။

သစ်သီး တစ်လုံးက ခွန်အား ပေါင်တစ်ရာ... သုံးလုံးက ခွန်အား ပေါင်သုံးရာ။

အကယ်၍ သူသာ ဤသုံးလုံးစလုံးကို သန့်စင်နိုင်ခဲ့လျှင် သူ့ခွန်အားမှာ ပေါင်သုံးရာအထိ တိုးလာမည် ဖြစ်ပြီး ၎င်းမှာ ခွန်အား ရာခိုင်နှုန်း သုံးဆယ်ခန့် တိုးတက်လာခြင်းပင်။

သူ့ခွန်အားများ ကြီးမားသော ခြေလှမ်း တစ်လှမ်း တိုးတက်သွားမည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိချေ။

နောက်တစ်ခဏတွင် ကျန်းနင်က "နွားသိုးမိစ္ဆာ ခွန်အား သစ်သီးရဲ့ အာနိသင်တွေက တာဝန်ခံဟန် ပြောသလိုဆိုရင်တော့ ဒါတွေကို ကျွန်တော် ယူလိုက်ပါ့မယ်"

ဟန်ဟုန်မေက "နွားသိုးမိစ္ဆာ ခွန်အား သစ်သီး တစ်လုံးကို ငွေတုံး ရှစ်ရာ တန်ကြေး ရှိပါတယ်... သခင်လေးကျန်း ဘယ်နှလုံးလောက် ဝယ်ယူချင်ပါသလဲ"

စျေးကြီးလှချည်လား...

ဟန်ဟုန်မေ ပြောသော စျေးနှုန်းကို ကြားလျှင် ကျန်းနင်က စိတ်ထဲ တိတ်တဆိတ် တွေးလိုက်မိသည်။

"တာဝန်ခံဟန်ဆီမှာ ဘယ်နှလုံးလောက် ရှိလဲ"

ထို့နောက် ကျန်းနင်က မေးလိုက်၏။

ထိုစကားကို ကြားသည်နှင့် ဟန်ဟုန်မေ အလျင်အမြန် ခေါင်းခါယမ်းလိုက်ပြီး "ဒီအစေခံ အနေနဲ့ သခင်လေးကျန်းကို အများကြီး ဝယ်ဖို့ အကြံမပြုလိုပါဘူး... နွားသိုးမိစ္ဆာ ခွန်အား သစ်သီးကို စားသုံးလိုက်တာနဲ့အမျှ ကြွက်သား ခိုင်ခံ့မှု တိုးလာတာနဲ့ အာနိသင်ကလည်း လျော့ကျသွားမှာပါ"

"သခင်လေးကျန်း... စားသုံးလိုက်တဲ့ ပထမဆုံး သစ်သီးက ခွန်အားကို ပေါင်တစ်ရာ တိုးစေနိုင်ပြီး ဒုတိယနဲ့ တတိယ သစ်သီးတွေကလည်း သိပ်ကွာခြားမှာ မဟုတ်ပါဘူး"

"ဒါပေမဲ့ ဆက်တိုက် စားသုံးနေမယ် ဆိုရင်တော့ ပထမအချက် အနေနဲ့ ကြွက်သား ခွန်အားက တစ်ဟုန်ထိုး တိုးလာမှာ ဖြစ်လို့ သခင်လေးကျန်းရဲ့ အရေပြားက ကြွက်သားတွေရဲ့ ရုတ်တရက် ကြီးထွားလာမှုကို ခံနိုင်ရည် ရှိမှာ မဟုတ်ဘူး"

"ဒုတိယအချက် အနေနဲ့ ပိုစားလေလေ နွားသိုးမိစ္ဆာ ခွန်အား သစ်သီးရဲ့ အာနိသင်က ပိုအားနည်းလာလေလေ ဖြစ်ပါလိမ့်မယ်"

"ခွန်အား ပေါင်နှစ်ထောင်ကျော် ရှိတဲ့ နတ်ဘုရား ခွန်အား နယ်ပယ်က ကျွမ်းကျင်ပညာရှင်တွေလိုမျိုးပေါ့... သူတို့မှာ အလွန် မာကျောတဲ့ ကြွက်သားတွေ ရှိနေပြီမို့ နွားသိုးမိစ္ဆာ ခွန်အား သစ်သီး စားသုံးရင်တောင် သူတို့အပေါ် သက်ရောက်မှု သိပ်ရှိမှာ မဟုတ်တော့ဘူး... အလွန်ဆုံး တိုးလာရင်တောင် ခွန်အား သုံးပေါင်ကနေ ငါးပေါင်လောက်ပဲ တိုးလာတော့မှာပါ"

"ဒါဆိုရင် သုံးလုံး ယူလိုက်မယ်" ကျန်းနင်က ပြောလိုက်သည်။

ဟန်ဟုန်မေက ခေါင်းညိတ်လိုက်ပြီး "ကောင်းပါပြီ"

"သခင်လေးကျန်း... အရေပြား သန့်စင်ခြင်း တိုးတက်မှုက အကန့်အသတ် ရှိနေတယ်... နွားသိုးမိစ္ဆာ ခွန်အား သစ်သီး တစ်လုံး ဒါမှ မဟုတ် နှစ်လုံး စားသုံးပြီးတဲ့နောက် ခန္ဓာကိုယ်က ခံနိုင်ရည် မရှိတော့ဘူး လို့ ခံစားရရင် ဆက်မစားပါနဲ့တော့" ထို့နောက် ဟန်ဟုန်မေက သတိပေး လိုက်၏။

"အကယ်၍ အတင်းအဓမ္မ ဆက်လုပ်မယ် ဆိုရင် ကြီးထွားလာတဲ့ ကြွက်သားတွေက အရေပြားကို စုတ်ပြဲသွားစေပြီး ခန္ဓာကိုယ်ကို ကုစားလို့ မရနိုင်တဲ့ ထိခိုက်မှုတွေ ဖြစ်စေလိမ့်မယ်"

"ကျွန်တော် နားလည်ပါပြီ" ကျန်းနင်က ဆိုသည်။

ဟန်ဟုန်မေ ခေါင်းညိတ်ပြီး သူမဘေးရှိ အစေခံမလေးထံ လှည့်ကာ ညွှန် ကြားလိုက်၏။

"ရှောင်လွီ... နွားသိုးမိစ္ဆာ ခွန်အား သစ်သီး သုံးလုံး ပြင်ဆင်လိုက်ပါ"

"ဟုတ်ကဲ့ပါ တာဝန်ခံ"

သူတို့အနောက်မှ လိုက်ပါလာသော မိန်းကလေးလွီက ကျက်သရေရှိစွာ အရိုအသေပေးပြီးနောက် သစ်သီးများ ထုပ်ပိုးရန် ထွက်ခွာသွားတော့သည်။

"သခင်လေးကျန်း တခြား ဝယ်စရာ လိုသေးလား"

ထို့နောက် ဟန်ဟုန်မေက ထပ်မေးလေသည်။

ကျန်းနင်က ခဏတာ စဉ်းစားပြီးနောက် "အရေပြား အမြေးပါးကို မာကျောစေဖို့ အထောက်အကူ ပြုနိုင်တဲ့ ဆေးဖက်ဝင် အပင်တချို့လည်း ဝယ်ချင်ပါသေးတယ်... အရေပြား ပွတ်တိုက်ဖို့ သုံးတဲ့ သဲတွေလိုမျိုး မဟုတ် ဘဲ အရေပြား အတွင်းလွှာထိ ထိုးဖောက် ဝင်ရောက်နိုင်တဲ့ အစွမ်းထက် ဆေးစွမ်းအင်မျိုး ပါတာကို လိုချင်တာပါ"

ယနေ့ ဝမ်ဟွာ အဆောက်အအုံသို့ ကျန်းနင် လာရောက်ရသည့် ရည်ရွယ်ချက်မှာ သူ၏ ဓနဥစ္စာ အမြောက်အမြားကို သုံးစွဲပစ်ရန်ပင် ဖြစ်သည်။

သူ၏ တိုက်ပွဲဝင် ရလဒ်များကို ရောင်းချပြီးကာစဖြစ်ရာ ဝင်ငွေမှာ သူ မျှော်လင့်ထားသည်ထက် များစွာ သာလွန်နေပြီး စုစုပေါင်း ငွေတုံး လေးထောင်အထိ ရှိနေလေသည်။

ယခင် ကျန်ရှိနေသော ငွေများနှင့် ပေါင်းလိုက်လျှင် ယနေ့ သုံးစွဲရန် ငွေတုံး ငါးထောင့်ရှစ်ရာဟူသော ကြီးမားသည့် ဥစ္စာဓနကို ပိုင်ဆိုင်ထားသည် မဟုတ်ပါလား။

နွားသိုးမိစ္ဆာ ခွန်အား သစ်သီး သုံးလုံးမှာ တစ်လုံးလျှင် ငွေတုံး ရှစ်ရာဖြင့် ဈေးကြီးသော်လည်း သူ၏ လက်ရှိ ချမ်းသာကြွယ်ဝမှုနှင့် နှိုင်းယှဉ်လျှင် သင့်တင့်သောပမာဏ ဖြစ်နေပုံရသည်။

သစ်သီး သုံးလုံး စုစုပေါင်းမှ ငွေတုံး နှစ်ထောင့်လေးရာသာ ရှိသည် မဟုတ်ပါလား။

ထို့အပြင် သူ့ထံတွင် ရှန်ချုံးယွမ် ပေးထားသော အထူးဧည့်သည် တိုကင် ရှိနေသေးရာ ဝမ်ဟွာ အဆောက်အအုံတွင် ဈေးဝယ်လျှင် ဈေးနှုန်း၏ ရှစ်ဆယ် ရာခိုင်နှုန်းသာ ပေးချေရမည့် လျှော့ဈေး ခံစားခွင့် ရရှိဦးမည် ဖြစ်သည်။

ထို့ကြောင့် သူ ငွေတုံး တစ်ထောင့်ကိုးရာ့နှစ်ဆယ်သာ သုံးစွဲခဲ့ရခြင်း ဖြစ်သည်။

သူ့ထံတွင် သုံးစွဲရန် ငွေတုံး သုံးထောင်နီးပါး ကျန်ရှိနေသေး၏။

ထိုအချိန်တွင် ကျန်းနင်၏ စကားများကို ကြားပြီးနောက် ဟန်ဟုန်မေ

အနည်းငယ် ခေါင်းညိတ်ကာ သူ၏ ရည်ရွယ်ချက်ကို သဘောပေါက်သွားလေသည်။

ကျန်းနင်မှာ အရေပြား သန့်စင်ခြင်းကို အောင်မြင်ထားပြီး သူ၏ အရေပြားမှာ နွားသားရေကဲ့သို့ မာကျောသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

ထို့ကြောင့် အရေပြား ပွတ်တိုက်သည့် သဲ၏ အာနိသင်ကို အားနည်းလွန်းသည်ဟု ယူဆကာ အရေပြား အမြေးပါးကို မာကျောစေရန် ပိုမိုအထောက်အကူ ပြုနိုင်မည့် တစ်စုံတစ်ရာကို လိုချင်နေခြင်းဖြစ်သည်။

သေချာပေါက် ဝမ်ဟွာ အဆောက်အအုံတွင် ထိုကဲ့သို့သော ပစ္စည်းများ ရှိနေပေသည်။

"သခင်လေးကျန်း... ကျွန်မ နောက်ကိုလိုက်ခဲ့ပါ" ဟန်ဟုန်မေက ဆို၏။

...

အချိန်ခဏ ကြာပြီးနောက် အခြားကောင်တာ တစ်ခုဆီ ရောက်လာကြပြီး ဟန်ဟုန်မေက ကတ်ပြား တစ်ခုကို ဆွဲထုတ်ကာ ကျန်းနင် လက်ထဲသို့ ထည့်ပေးလိုက်သည်။

"သခင်လေးကျန်း... ကြည့်ပါဦး၊ ဒါက ရွှေကိုယ်ထည် ဆေးရည်အတွက် ဆေးထုပ်ပါ"

ကျန်းနင်က ကတ်ပြားကို ယူလိုက်ပြီး ထိုပေါ်ရှိ မိတ်ဆက်စာကို ဖတ်နေစဉ် ဟန်ဟုန်မေက ဆက်ပြောလေသည်။

"ခန္ဓာကိုယ် သန့်စင်ခြင်း မစတင်ခင် ရွှေကိုယ်ထည် ဆေးရည်အတွက် ဆေးထုပ်ကို သစ်သားစည်ပိုင်း တစ်ခုထဲ ထည့်ပါ... အဲဒီနောက် ရေကို မီးပြင်းပြင်းနဲ့ ဆူပွက်အောင် တည်ပြီး ဆေးထုပ်ထဲက အရာတွေ လောင်း

ထည့်ကာ ဆေးစွမ်းအင်တွေ ရေထဲ ပျော်ဝင်သွားအောင် နာရီဝက်လောက် ဆက်တည်ထားရမယ်"

"ပြီးရင် နာရီဝက်လောက် အအေးခံထားပြီး မီးအေးအေးနဲ့ ပြန်နွှေးရပါတယ်"

"ဒီအချိန်မှာ ဆေးရည်စည်ပိုင်းထဲ ဝင်ပြီး နာရီဝက်လောက် စိမ်ထားပေးရမယ်... ဒါမှ ဆေးစွမ်းအင်တွေက အရေပြား အတွင်းလွှာထဲ အပြည့်အဝ စိမ့်ဝင်သွားမှာပါ"

"အဲဒီနောက် အရေပြား အမြှေးပါးကို စတင် သန့်စင်ပါ... ဒီနည်းလမ်းကို သုံးမယ်ဆိုရင် ခန္ဓာကိုယ် သန့်စင်ခြင်း စွမ်းဆောင်ရည်က တစ်ဟုန်ထိုး မြင့်တက်လာပြီး ပုံမှန် သန့်စင်ခြင်း အကြိမ်ပေါင်း များစွာနဲ့ ညီမျှတဲ့ အကျိုးသက်ရောက်မှု ရရှိမှာ ဖြစ်တယ်"

"သို့သော် ရွှေကိုယ်ထည် ဆေးရည်အတွက် ပါဝင်ပစ္စည်းတွေက အလွန်ဈေးကြီးတဲ့အတွက် ရောင်းဈေးလည်း မြင့်မားပါတယ်... ဒါကြောင့် အလွန်ချမ်းသာတဲ့ သူတွေမှသာ တတ်နိုင်တဲ့ ဇိမ်ခံပစ္စည်း တစ်ခု ဖြစ်နေတာပါ"

ဤသို့ ပြောပြီးနောက် ဟန်ဟုန်မေက ကျန်းနင်အား တွေဝေမှု အရိပ်အယောင် အနည်းငယ်ဖြင့် ကြည့်လာ၏။

"သခင်လေးကျန်း... ဒီနေ့ ခင်ဗျား ဝင်ငွေ ကောင်းခဲ့တယ် ဆိုပေမယ့် အနာဂတ်မှာ ကုန်ကျစရိတ်တွေ ကြီးမားဦးမှာမို့ နည်းနည်းတော့ ချွေတာသင့်တယ်"

ထိုအချိန်တွင် ကျန်းနင်လည်း ရွှေကိုယ်ထည် ဆေးရည် ဆေးထုပ်နှင့် ပတ်သက်သည့် မိတ်ဆက်စာကို ဖတ်ပြီးသွားပြီဖြစ်ရာ ချက်ချင်း စိတ်ဝင်စားသွားတော့သည်။

ကတ်ပြားအရ ရွှေကိုယ်ထည် ဆေးရည် ဆေးထုပ်တွင် အသုံးပြုထားသော ပါဝင်ပစ္စည်းများမှာ အလွန် ဈေးကြီးရုံသာမက အဓိက အရေးပါသော အချက်အနေဖြင့် အကူ ပါဝင်ပစ္စည်း တစ်ခုမှာ နတ်ဆိုးမျိုးနွယ်၏ သွေးမှ ထုတ်ယူထားသော အမှုန့်တစ်မျိုး ဖြစ်နေခြင်းပင်။

ကျမ်းစာများ ဖတ်ရှုခြင်းမှ ကျန်းနင် နားလည်ထားသည်မှာ ရှေးခေတ်ကာလများတွင် အင်မော်တယ်များ ပျက်သုဉ်းသွားပြီးနောက်...

ထိုတိုတောင်းသော ခေတ်ကာလကို နတ်ဆိုးများက လွှမ်းမိုးထားခဲ့ကြသည်။

နတ်ဆိုးများမှာ မွေးရာပါ သန်မာသော ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ်နှင့် ပေါများသော ချီနှင့် သွေးတို့ကို ပိုင်ဆိုင်ထားကြ၏။

ထို့ကြောင့် သူတို့၏ သွေးကို သန့်စင်ပြီးနောက် ခန္ဓာကိုယ် သန့်စင်ခြင်းအတွက် ကြီးမားစွာ အထောက်အကူ ပြုနိုင်ခြင်း ဖြစ်သည်။

ရွှေကိုယ်ထည် ဆေးရည် ဆေးထုပ်က ဤမျှ တန်ဖိုးကြီးပြီး အရေပြားအမြေးပါး သန့်စင်ခြင်းတွင် သိသိသာသာ အထောက်အကူပြုရခြင်း အကြောင်းရင်းမှာ ဤအကူ ပါဝင်ပစ္စည်းကြောင့်ပင် မဟုတ်ပါလား။

ဤအကူ ပါဝင်ပစ္စည်းအကြောင်း သိလိုက်ရသဖြင့် ရွှေကိုယ်ထည် ဆေးရည်မှာ တားမြစ်ထားလောက်အောင် ဈေးကြီးမည် ဖြစ်ကြောင်း ကျန်းနင် သဘောပေါက်လိုက်သည်။

သို့သော် အာနိသင်များမှာ ငြင်းဆန်၍ မရနိုင်လောက်အောင် အစွမ်းထက်နေမည်မှာ ယုံမှားသံသယ ဖြစ်ဖွယ်မရှိပေ။

"တာဝန်ခံဟန်... တဲ့တိုးသာ ပြောပါ၊ ဆေးတစ်ထုပ်ကို ဘယ်လောက် ပေးရမလဲ" ချက်ချင်းပင် ကျန်းနင်က မေးလိုက်၏။

ဟန်ဟုန်မေက ဘေးဘက်သို့ လက်ညှိုးထိုးပြလိုက်ပြီး "သခင်လေးကျန်း အဲဒီမှာ ကြည့်ပါ... ဈေးနှုန်းကို အဲဒီမှာ ရေးထားတယ်၊ ဆေးတစ်ထုပ်ကို တစ်ခါသုံး ဖြစ်ပြီး တစ်ခါသုံး တစ်ထုပ်ကို ငွေတုံး ငါးဆယ် ပေးရပါတယ်... ဆေးရည်စိမ်ဖို့ တစ်ကြိမ်ကို တစ်ထုပ် လိုအပ်တယ်"

"ပုံမှန် လုပ်ရိုးလုပ်စဉ်အတိုင်း ပြောရရင် တစ်နေ့ကို ဆေးရည်စည်ပိုင်းထဲ သုံးကြိမ် စိမ်ရမယ် ဆိုတော့... အရေပြား အမြွေးပါး သန့်စင်ဖို့ သက်သက်နဲ့တင် ငွေတုံး တစ်ရာ့ငါးဆယ် ကုန်ကျပါလိမ့်မယ်"

"ဆယ်ရက်ဆိုရင် ငွေတုံး တစ်ထောင့်ငါးရာ ဖြစ်သွားပြီမို့ ဒီနေ့ သခင်လေးကျန်း ရှာဖွေထားတဲ့ ငွေတွေက တစ်လစာ သုံးဖို့တောင် မနည်းလောက်ငှရုံပဲ ရှိလိမ့်မယ်"

"ဒီလို အဆင့်မျိုး ခန္ဓာကိုယ် သန့်စင်ဖို့က တစ်လ၊ နှစ်လလောက်နဲ့ ပြီးစီးနိုင်တာ မဟုတ်ဘူး"

"ဒီကုန်ကျစရိတ်က သခင်လေးကျန်းရဲ့ စုဆောင်းငွေတွေအတွက် အရမ်းများလွန်းပြီး အကျိုးအမြတ်နဲ့ ကုန်ကျစရိတ် တွက်ကြည့်ရင် သိပ်မကိုက်လှပါဘူး"

ထိုအခါ ကျန်းနင် ခေါင်းခါယမ်းလိုက်ပြီး "အကျိုးအမြတ်နဲ့ ကုန်ကျစရိတ် တွက်နေဖို့က အရေးမကြီးပါဘူး... လက်ရှိ ကျွန်တော် လိုအပ်နေတာက ခွန်အား သိသိသာသာ တိုးတက်လာဖို့ပဲ... တာဝန်ခံဟန်... ကျွန်တော့်အတွက် ရွှေကိုယ်ထည် ဆေးရည် ဆေးထုပ် အထုပ် ငါးဆယ်လောက် ပြင်ဆင်ပေးပါ"

"ကောင်းပါပြီ" ဟန်ဟုန်မေက ခေါင်းညိတ်လိုက်၏။

"သခင်လေးကျန်း ဆုံးဖြတ်ချက် ချပြီးပြီ ဆိုမှတော့ ဒီအစေခံ အနေနဲ့ ဘာ

မှ ကန့်ကွက်စရာ မရှိပါဘူး"

ထို့နောက် ဟန်ဟုန်မေက ထပ်မံ မေးမြန်းလိုက်တော့သည်။

"သခင်လေးကျန်း တခြား ဝယ်စရာ လိုသေးလား"

End

***